၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်

## စစ်အစိုးရ၏ တနိုင်ငံလုံးအနှံ့ ကျူးလွန်နေသော အမျိုးသမီးများအကြမ်းဖက်မှုအပေါ် လုံးဝသည်းမခံရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ တောင်းဆိုခြင်း

နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး အထိမ်းအမှတ်နေ့တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ စစ်အစိုးရ၏ တနိုင်ငံလုံး အနှံ့ ကျူးလွန်နေသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အားလုံး ချက်ချင်းရပ်တန့်သွားစေရန် ဆောင်ကျဉ်း ပေးနိုင်သည့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ချမှတ် ပေးရန် တောင်းဆိုလိုက်သည်။

ယခင်လ နယူးယောက်မြို့၌ ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှစ်ပတ်လည် တံခါးဖွင့် ဆွေးနွေးပွဲတွင် စစ်အစိုးရ ပြောရေးဆိုခွင့်ရှိသူမှ "စစ်အစိုးရသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို လုံးဝသည်းခံမှု မရှိသည့် ပေါ်လစီကို ကျင့်သုံးကြောင်း၊ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် လိင်ကွဲပြားခြင်းအပေါ် အခြေခံသော အကြမ်းဖက်မှု အားလုံးမှ အကာအကွယ်ပေး ကြိုးပမ်းနေကြောင်း" များကို ပြောကြားသွားပါသည်။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကို နေရာအနှံ့အစီအစဉ်တကျ ဆိုးဆိုးဝါးဝါး ကျူးလွန်နေသော စစ်အစိုးရမှ ဤသို့အရှက်တရားမရှိ သူတို့ကို သူတို့ အမျိုးသမီးအခွင့်အရေးကို ကာကွယ်သူများအဖြစ်၎င်း ကျားမတန်းတူရေး တိုးမြှင့်အောင်လုပ်ဆောင်သူများအဖြစ်၎င်း ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီရှေ့မှောက်တွင် ပြောထွက်ရဲသည် မှာ အလွန်ရှက်ဘွယ် ကောင်းလှပါသည်။

စစ်အစိုးရမှ တိုင်းရင်းသားဒေသများတွင် ၎င်း၏ စစ်တပ်အဆောက်အအုံ များကို ဆက်လက်တိုးချဲ့နေပြီး စစ်သား အရေအတွက်ကိုပါ ထပ်မံ တိုးချဲ့လျက်ရှိရာ၊ ၎င်း၏စစ်သားများမှ အမျိုးသမီးများကို အတင်းအကြပ် လိင်ကျွန်ပြုခြင်း၊ အုပ်စုလိုက် မုဒိမ်းမှုများ ကျူးလွန်ခြင်း၊ သတ်ဖြတ်ခြင်း များကို ကျူးလွန်သော သက်သေ အထောက်အထား များလည်း ပိုမိုပေါ်ထွက်လျက် ရှိနေပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း "ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး"များ ရရှိ ဖော်ဆောင်နေပြီ ဖြစ်ကြောင်း စစ်အစိုးရက ပြောဆိုနေသော်လည်း၊ တိုင်းရင်းသား ဒေသများတွင် ယင်းတို့မှ ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဆက်လက် ပြုလုပ်လျက်ရှိရာ အထူးသဖြင့် ကရင်ဒေသ၌ ပို၍ ဆိုးဝါးစွာ ထိုးစစ်ဆင်လျက် ရှိပါသည်။

ထို့အပြင် စစ်အစိုးရသည် ပြည်တွင်းရှိ အမျိုးသမီးများအား "အကြမ်းဖက်မှုဝါဒ ဆန့်ကျင်ရေး" အမည်ခံသည့် နိုင်ငံအဝှမ်း လှုပ်ရှားမှု များတွင် အတင်းအဓမ္မ ပါဝင်စေပြီး၊ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီထွန်းကားရေး အတွက် လုပ်ဆောင်နေသော မြန်မာနိုင်ငံမှ လူ့အခွင့်အရေး လှုပ်ရှားသူများအား အကြမ်းဖက်သူများဟု နာမည်တတ်၍ ပုတ်ခတ်ဆန့်ကျင်နေရာ စစ်အစိုးရက ကျူးလွန်နေသော ရာဇဝတ်မှုများကို ဖော်ထုတ် နေသည့် အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများလည်း အပါအဝင် ဖြစ်သည်။

မိမိတို့အနေဖြင့် ဤသို့ ပုတ်ခတ်ဆန့်ကျင်လှုပ်ရှားခြင်းမှာ စစ်အစိုးရ၏ ယုတ္တိမတန်လှသည့် လုပ်ရပ်ဖြစ်ကြောင်း ပြောဆိုလိုပါသည်။ မိမိတို့ အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ) နှင့် အဖွဲ့ဝင် အဖွဲ့အစည်းများသည် မိမိတို့၏ လူမှုအသိုင်းအဝိုင်းတွင် ကျားမတန်းတူရေး တိုးမြှင့် လာစေရန်နှင့် အမျိုးသမီးများအားလုံး၏ လူ့အခွင့်အရေး များကို ကာကွယ်စောင့်ရှောက်ရန်အတွက် စွမ်းရည်မြှင့်တင်ခြင်းများနှင့်အတူ မိမိတို့ အသိုင်းအဝိုင်းများ ကြားတွင်သာမက ၊ နိုင်ငံတကာအပါအဝင် ပြင်ပလူထုအသိုင်းအဝိုင်းများအကြား စည်းရုံးလှုံ့ဆော်ချည်းကပ်ခြင်းများကို မနေမနား ကြိုးပမ်း လုပ်ဆောင် နေသူများဖြစ်သည်။ ပို၍များပြားလာသော သက်သေအထောက်အထားများက မြန်မာနိုင်ငံတွင် မည်သူများက အကြမ်းဖက်သူများ အမှန်တကယ် ဖြစ်ကြောင်း ညွှန်ပြနေပါသည်။ မည်သူက မြန်မာတနိုင်ငံလုံးရှိ ပြည်သူလူထု ဖေးစာခံအဖြစ် ထိန်းသိမ်း၍ အဆက်မပြတ် နှိပ်စက် နေသည်၊ မည်သူက နိုင်ငံတော်၏ ဘဏ္ဍာငွေများကို သူတို့၏စစ်တပ်အာဏာ ပိုခိုင်မာရေးအတွက်သာ သုံးပြီး၊ တိုင်းသူပြည်သားများ၏ ကျန်းမာ ဝပြောရေးနှင့် လူထု၏ အခြေခံလိုအပ်ချက်များကို လစ်လျူရှုနေသည်၊ ဆိုသည့် သက်သေအထောက်အထားများမှာလည်း အထင်အရှားပင် ဖြစ်သည်၊

စစ်အစိုးရမှ လက်ရှိပြုလုပ်နေသော "အမျိုးသားညီလာခံ" လုပ်ငန်းစဉ်၌ ပြည်တွင်းရှိအမျိုးသမီးများ တက်ကြွစွာပါဝင်နေကြောင်း ပြောဆို လျက်ရှိသည်။ စစ်အစိုးရက ယင်းတို့ မူလကြိုတင်စီမံထားသည့် လမ်းကြောင်းမှမပြောင်းအောင် ဆွေးနွေးပြောဆိုသည့် စကားမှန်သမျှကို အသေအချာ စောင့်ကြပ်နေရာ၊ ဤကဲ့သို့သော ညီလာခံ၏ ဇာတ်တိုက်ထားသည့် အစီအစဉ်များ၌ အမျိုးသမီးများ၏ပါဝင်မှု အစစ်အမှန် အဘယ်ကဲ့သို့ ဖြစ်နိုင်မည်နည်း ဟု အဖွဲ့ချုပ်မှ မေးခွန်းထုတ်လိုပါသည်။

ထို့ကြောင့် မိမိတို့အဖွဲ့ချုပ်မှ နိုင်ငံတကာအသိုင်းအဝိုင်းအား စစ်အစိုးရ၏ လိမ်ညာနေမှုများနှင့် တိုင်းသူပြည်သား များ၊ အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်ခြင်းများကို လုံးဝ သည်းမခံတော့ဘဲ အရေးယူ ဆောင်ရွက်ပေးရန် အထူးတိုက်တွန်းလိုပါသည်။ စစ်အစိုးရ၏ ကျူးလွန်ခွင့် ပြုနေခြင်းများ အဆုံးသတ်ရန် အတွက် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ မဖြစ်မနေ အရေးယူဆောင်ရွက်နိုင်သည့် ဆုံးဖြတ်ချက်တခု ချမှတ် ပေးရန် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ တောင်းဆိုလိုက်သည်။

**ဆက်သွယ်ရန်**

နန်းယဉ် – အထွေထွေအတွင်းရေးမှူး ၆၆ ၈၉ ၈၅၈ ၄၆၆၈ သင်းသင်းအောင် – သဘာပတိအဖွဲ့ဝင် ၉၁ ၉၈၉ ၁၂၅ ၂၃၁၆